## “အာပေါသမုဋ္ဌာန်နာ” ကို နန်းတွင်းသမားတော်ကြီးဦးပို၏

## သြဋ္ဌာရိက သုခုမ ဆေးပညာဖြင့် လက်တွေ့ကုသပေးပုံ

ဒေါ်ခင်ပို (ရွှေ)

မြန်မာဘုရင်မင်းမြတ်များ ဘုန်းမီးနေလတောက်ပစဉ် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြဲ့ဌာန်းနှင့် စံမြန်းခဲ့ကြသော (၁၁၄၃-၁၁၈၁) နှစ်များက အဝရွှေမြို့တော်ဝန်စာရေးကြီး ဦးကောင်း၏ နရသုခိဆေးပညာ၊ နန်းတွင်း ပညာရှိသမားတော်ကြီး ဓါတ်ဆရာတော်ကြီး ဦးပို၏ သြဋ္ဌာရိကသုခုမဆေးပညာများကို စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် မရကံ အင်ကြင်းပင်ရွာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်ဒင်က လေ့လာ လိုက်စားဆည်းပူးခဲ့ပြီး ထိုဆေးပညာကို လက်ဆင့်ကမ်းသင်ကြားပေးခဲ့ပါသည်။ ထိုတပည့်များ ထဲမှ တစ်ဦးဖြစ်သော ကျွန်မသည် ဆရာကြီး၏ လက်ရင်းတပည့်ဖြစ်ခဲ့ပြီး ဆရာကြီး၏ကုသပုံ တို့ကို လေ့လာမှတ်သားသင်ယူခဲ့ပါသည်။

သြဋ္ဌာရိကသုခုမဆေးပညာ (တစ်နည်းအားဖြင့်) ဗုဒ္ဓနည်းကျသြဋ္ဌာရိကသုခုမ ဆေးပညာသည် ရောဂါအမည်များဖြစ်သော သွေးတိုး၊ သွေးကျ၊ ဆီးချို၊ သွေးချို၊ ငှက်ဖျား၊ ကင်ဆာ၊ ကျောက်ကပ် စသည့်အမည်နာမကိုမယူမမှု၍ ရောဂါဟူသော အကျိုးတရား ဖြစ်ပေါ်စေသည့် အကြောင်းရင်းကိုစစ်ဆေးပြီး သမုဋ္ဌာန်ကျကျကုသည့် ဆေးပညာဖြစ်ပါသည်။ လွန်၊ ယုတ်၊ လွဲ၊ မှား စွာ စားသုံးနေထိုင်ကြခြင်းများကြောင့် ရောဂါ (အနာရောဂါ) ရကြခြင်း ဖြစ်ရာ သင့်လျော်သော ဆေးဝါးအစာကိုဖြင့် တည့်မတ်ပေးသော (ဝါ ) ကုသပေးသော ပညာ ဖြစ်သည်။